**12 March 2010**

# ရွေးကောက်ပွဲသတင်းစဉ် (၁၆)

**<u>အထူးသတင်း</u>**

## ရွေးကောက်ပွဲဥပဒေများထုတ်ပြန်ကြေညာခြင်း

မြန်မာအာဏာပိုင်များသည် ယခုမတ်လ (၈) ရက်နေ့က ၂၀၁၀ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ (၅) ရပ်ကို နိုင်ငံပိုင်ရုပ်မြင်သံကြားအစီအစဉ်မှ ထုတ်ပြန်ကြေညာခဲ့သော်လည်း ရွေးကောက်ပွဲကျင်းပမည့်နေ့ရက်နှင့် ပတ်သက်၍တစ်စုံတစ်ရာပြောကြားခြင်းမရှိခဲ့ပေ။ ကြေညာချက်တွင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေ ၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ၊ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေနှင့် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေများပါရှိသည်။ ဥပဒေများကိုအစိုးရထုတ်နေ့စဉ် သတင်းစာများတွင်ထည့်သွင်းဖော်ပြသွားမည်ဖြစ်ကြောင်းသိရသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေတွင် ရွေးကောက်ပွဲကော်မရှင်ဖွဲ့စည်းခြင်း၊ လုပ်ငန်းတာဝန်များပါရှိပြီး၊ ပါတီများမှတ်ပုံတင်ခြင်းဥပဒေတွင် နိုင်ငံရေးပါတီများဖွဲ့စည်းခြင်း၊ မှတ်ပုံတင်ခြင်းတို့ ပါဝင်ကြောင်းတွေ့ရှိရသည်။

## အဖွဲ့ချုပ်ဗဟိုဦးစီးအဖွဲ့ပြန်လည်ဖွဲ့စည်းရေးစတင်ဆောင်ရွက်

ပါတီဗဟိုဦးစီးအဖွဲ့ပြန်လည်ဖွဲ့စည်းရေးအတွက်ပြည်နယ်နှင့်တိုင်း ၁၄ ခုရှိပါတီရုံး ခွဲများသို့ အဖွဲ့ဝင်လျာထားသူများစာရင်းကို ပြုစုပေးပို့ရန် ဇန်နဝါရီလ ၂၇ ရက်စွဲပါညွှန်ကြားစာကို အန်အယ်လ်ဒီအဖွဲ့ချုပ်ဗဟို ဌာချုပ်ကညွှန်ကြားခဲ့ကြောင်းသိရသည်။ ပါတီကျစ်လစ်ခိုင်မာတောင့်တင်းရေးနှင့် ရှေ့လုပ်ငန်းစဉ်များ ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် ပြည်နယ်နှင့်တိုင်းအလိုက်အနည်းဆုံး ၅ ဦးကနေ အများဆုံး ၇ ဦးအထိ ဖေဖော်ဝါရီလ ၁၇ ရက်နေ့နောက်ထားကာ အမည်စာရင်းပေးပို့ရန်ဖြစ်သည်။ ဗဟိုဦးစီးအဖွဲ့ဝင်အသစ်များရွေးချယ်ရေးနှင့်ပတ်သက်၍ ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီက ဆုံးဖြတ်ချက်ချမှတ်သွားမည်ဖြစ်ကြောင်းသိရသည်။

## ကြံ့ဖွံ့ကအခမဲ့ကျူရှင်ကျောင်းများဖွင့်ကာစည်းရုံး

ရန်ကုန်မြို့ရှိကျောင်းများတွင် ပညာသင်ကြားစရိတ်မြင့်မားလာခြင်းကြောင့် ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကဖွင့်လှစ်သည့်အခမဲ့ကျူရှင်ကျောင်းများသို့ သားသမီးများကို အားထားစေလွှတ်နေရကြောင်းမြို့ခံမိဘများကပြောကြားပါသည်။ မတ်လတွင်ပြုလုပ်မည့် တက္ကသိုလ်အတန်းဝင်စာမေးပွဲများဖြေဆိုရန် ကျူရှင်စရိတ်မှာ ဘာသာစုံအတွက် ကျောင်းသားတစ်ဦးအတွက် တစ်လလျှင်ကျပ်ငါးသောင်းခန့်ပေးရကြောင်း၊ သို့ဖြစ်၍၊ ကျောင်းသားအများစုမှာ ကြံ့ဖွံ့၏ပညာဒါနကျူရှင်ကျောင်းများကို အားထားနေရကြောင်း ကြည့်မြင်တိုင်မြို့နယ်မှအငြိမ်းစား အထက်တန်းပြဆရာမတစ်ဦးကဆိုပါသည်။ ဤဆိုပါ အခမဲ့ပညာဒါနကျူရှင်ကျောင်းများကို ရန်ကုန်စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မြို့နယ် ၁၂ ခုရှိ ဘုန်းတော်ကြီးကျောင်းများ

နေရာအနှံ့ဖွင့်လှစ်ထားပြီး၊ နာမည်ကြီးဆရာဆရာများက လာရောက်သင်ကြားပေးလျက်ရှိကြောင်း ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်တစ်ဦးကပြောကြားပါသည်။ ကြံ့ဖွံ့အဖွဲ့သည် ပညာဒါနအခမဲ့ကျူရှင်ကျောင်းများကိုအသုံးချနေခြင်းဖြစ်ကြောင်း၊ အမှန်စင်စစ်သင်တန်းတက်ရောက်သူကျောင်းသားများနှင့် ၄င်းတို့၏မိဘများကို ရွေးကောက်ပွဲတွင် ၄င်းတို့အဖွဲ့အားထောက်ခံမဲပေးရန် စည်းရုံးနေခြင်းခြင်းသာဖြစ်သည်ဟုပြောကြားလျက်ရှိသည်။

## မွန္တလေးတိုင်းအဖွဲ့ချုပ်၏ ခြေဆန့်လက်ဆန့်ခရီးစဉ်

မွန္တလေးတိုင်းအဖွဲ့ချုပ်ဥက္ကဌဦးသိန်းတန်ဦးဆောင်သည့်အဖွဲ့၏ ပထမဦးဆုံးစည်း ရုံးရေးခရီးစဉ်အဖြစ် ဇန်နဝါရီလ ၂၄ ရက်နေ့က မြင်းခြံမြို့သို့သွားရောက်ခဲ့ပြီး၊ ခရိုင်အတွင်းရှိ မြို့နယ်အဆင့်အစည်းရုံးဝင်များနှင့်တွေ့ဆုံခဲ့ပါသည်။ တွေ့ဆုံပွဲတွင် မွန္တလေးတိုင်းအဖွဲ့ချုပ်ဥက္ကဌ၊ ဦးသိန်းတန်ကအမှာစကားပြောကြားပြီး၊ မြင်းခြံ၊ တောင်သာ၊ နွားထိုးကြီး၊ ကျောက်ပန်းတောင်းနှင့် ငါးဇွန်စသည့်မြို့နယ်များမှ လွှတ်တော်ကိုယ်စားလှယ်များနှင့်စည်းအဖွဲ့ဝင် (၇၀) ခန့်တက်ရောက်ခဲ့ကြောင်းသိရှိရသည်။ မျက်မှောက်နိုင်ငံရေးအခြေအနေ၊ အမျိုးသမီးလုပ်ငန်းအဖွဲ့များဖွဲ့စည်းရေးနှင့် အဖွဲ့ချုပ်ရုံးများပြန်လည်ဖွင့်လှစ်ရေးကိစ္စများဆွေးနွေးခဲ့ကြောင်းခရီးစဉ်တွင်ပါဝင်ခဲ့သူ မွန္တလေးတိုင်းလွှတ်တော်ကိုယ်စားလှယ် ဦးတင်အောင်အောင်ပြောကြားပါသည်။ ၄င်း၊ ကဆက်လက်ပြောကြားရာတွင် “မြင်းခြံစည်းရုံးရေးခရီးစဉ်သည်၊ မကြာမီကဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်ဦးဝင်းတင် မွန္တလေးသို့လာရောက်စဉ် အတွင်းကချမှတ်ခဲ့တဲ့ခြေဆန့်လက်ဆန့်ပေါ်လစီကို အကောင်အထည်ဖော်ခြင်းဖြစ်ပင်ကြောင်း”ရှင်းလင်းပြောကြားပါသည်။ ခြေဆန့်ခြင်းဆိုသည်မှာတိုင်းစည်း အဖွဲ့ဝင်များကမြို့နယ်များကိုဆင်းပြီးစည်းရုံးလုပ်ကိုင်ခြင်းဖြစ်ပြီး၊ လက်ဆန့်ခြင်းသည်မဟာမိတ်ပါတီများနှင့် ဆက်သွယ်လုပ်ကိုင်ခြင်း၊ ပြည်သူများရဲ့အခြေအနေအခက်အခဲများကို မျက်မှောက်ပြုခြင်းဖြစ်ကြောင်း ၄င်းကဆက်လက်ပြောကြားခဲ့ပါသည်။ နောင်တွင်လည်းတိုင်းအတွင်းရှိတခြားမြို့နယ်အဖွဲ့ချုပ် စည်းရုံးရေးအဖွဲ့ဝင်များနှင့်တွေ့ဆုံပွဲများ၊ စည်းရုံးရေးခရီးစဉ်များဆက်လက်ပြုလုပ်သွားရန်ရှိကြောင်း ဦးတင်အောင်အောင်ကဖြည့်စွက်ပြောကြားသွားကြောင်းသိရှိရသည်။ မြင်းခြံမြို့ခြေဆန့်လက်ဆန့်ခရီးစဉ်တွင် မွန္တလေးတိုင်းအဖွဲ့ချုပ်ဥက္ကဌဦးသိန်းတန်နှင့်အတူ တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်သန်း၊ အနောက်မြောက်လွှတ်တော်ကိုယ်စားလှယ်ဦးတင်အောင်အောင်၊ ဦးတင်ထွတ်ဦး၊ အမရပူရလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်မြင့်မောင်၊ ဦးမျိုးနိုင်၊ လူငယ်တာဝန်ခံ ဦးကိုကိုလေးနဲ့ အမျိုးသမီးတာဝန်ခံ ဒေါ်သန်းသန်းအေးတို့ပါဝင်ခဲ့ပါသည်။

## မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလုပ်ငန်းရှင်များအသင်းချုပ်အဖွဲ့ဝင်များရွေးကောက်ပွဲတွင်ဝင်ရောက်ခွင့်ရရှိမည်ဖြစ်

အဖွဲ့ဝင် (၁၂၄၀) ခန့်ရှိသော မွန္တလေးတိုင်းကုန်သည်များနှင့်စက်မှုလုပ်ငန်းရှင်များအသင်းချုပ်က နိုင်ငံရေးနယ်ပယ်တွင် အသင်းဝင်များဝင်ရောက်လုပ်ကိုင်ခြင်းကိုပိတ်ပင်တားမြစ်သည့် အသင်း၏အာတီကယ် (၂၃) ပါပြဋ္ဌာန်းချက်များကိုပယ်ဖျက်ရန် ဖေဖော်ဝါရီလ ၇ ရက်နေ့ကပြုလုပ်သည့် အသင်း၏ နှစ်ပတ်လည် အထွေထွေအစည်းအဝေး၌ဆုံးဖြတ်ခဲ့ကြောင်းသိရှိရသည်။ မူလအသင်းချုပ်ကရေးဆွဲပြဋ္ဌာန်းထားသည့် အာတီကယ် (၂၃) ကိုပယ်ဖျက်လိုက်ခြင်းအားဖြင့် မွန္တလေးတိုင်းရှိအသင်းဝင်များအနေဖြင့် လာမည့်ရွေးကောက်ပွဲ

တွင် ကိုယ်စားလှယ်များအဖြစ်ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်သည်။ မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလုပ်ငန်းရှင်များအသင်းချုပ် (ရန်ကုန်) ကလည်းအလားတူ၄င်းတို့၏ မူလဖွဲ့စည်းပုံပုဒ်မ (၂၈) အပိုဒ် (၉) နှင့်ပုဒ်မ (၃၀) (ဈ ) များကိုပယ်ဖျက်ရန်ဆောင်ရွက်ခဲ့သဖြင့်၊ ရန်ကုန်ရှိအသင်းချုပ်အဖွဲ့ဝင်များ လာမည့် ရွေးကောက်ပွဲတွင်ပါဝင်ခွင့်ရရှိမည်ဖြစ်ကြောင်းသိရသည်။ လက်ရှိမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဌ၊ ဦးဝင်းမြင့်သည် ရွေးကောက်ပွဲတွင် စစ်ကိုင်းတိုင်း၊ တန့်ဆည်မြို့နယ်ကိုယ်စားလှယ်အဖြစ်ဝင်ရောက်ယှဉ်ပြိုင်ရန် အလားအလာရှိကြောင်းသတင်းများထွက်ပေါ်လျက်ရှိပါသည်။

## ၂၀၁၀ ရွေးကောက်ပွဲအတွက် ရခိုင်ပြည်နယ်ရှိမူဆလင်ဘာသာဝင်များကိုပြည်သို့ခိုင်ဖြိုးအဖွဲ့ ကစည်းရုံး

စစ်အာဏာပိုင်များသည် လာမည့်ရွေးကောက်ပွဲတွင် ၄င်းတို့အားထောက်ခံမှုရရှိရန် ရခိုင်ပြည်နယ်၊ မောင်းတောမြို့ရှိမူဆလင်များကို ကြံ့ဖွံ့အဖွဲ့သို့ဝင်ရောက်ရန် တိုက်တွန်းစည်းရုံးဆောင်ရွက်လျက်ရှိပါသည်။ လာမည့်ရွေးကောက်ပွဲတွင် စစ်အာဏာပိုင်များ၏အဓိကနိုင်ငံရေးပါတီ အဖြစ်ဝင်ရောက်ယှဉ်ပြိုင်မည့် ကြံ့ဖွံ့အဖွဲ့အား ၁၉၉၃ ခုနှစ်တွင်စတင်ထူထောင်ခဲ့ချိန်မှစတင်ပြီး၊ အသင်းဝင်လျှောက်လွှာများနှင့်အဖွဲ့ဝင်အသစ်များကိုလက်ခံခြင်းကိုခွင့်ပြုထားသော်လည်း၊ ရခိုင်ပြည်နယ်ရှိမူဆလင်ဘာသာဝင်များခွင့်မပြုခဲ့ပေ။ သို့ရာတွင် ယခုရွေးကောက်ပွဲအချိန်နီးကပ်လာပြီဖြစ်ခြင်းကြောင့် အဆိုပါကန့်သတ်ချက်ကို အာဏာပိုင်များကပြောင်းလဲကာ ရခိုင်ပြည်နယ်ရှိမူဆလင်များကြံ့ဖွံ့အဖွဲ့သို့ဝင်ရောက်ရန် ကွင်းဆင်းဆောင်ရွက်နေခြင်းဖြစ်ပါသည်။ စည်းရုံးရေးလုပ်ငန်းများကို ၂၀၁၀ ဇန်နဝါရီလဆန်းပိုင်းမှစတင်ခဲ့ပြီး၊ မောင်တော်မြို့ကြံ့ခိုင်ရေးအသင်းဝင် ဦးထွန်းလှစိန် (ခေါ် ) ခွေးချီး ဆိုသူကဦးဆောင်ကာ၊ ရပ်ကွက်ကျေးရွာများမှတာဝန်ရှိသူများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီအသင်းဝင်များလိုက်ပါလျက် မူဆလင်ဘာသာဝင်များကိုစည်းရုံးနေကြောင်းသိရသည်။ ဒေသခံကျောင်းသားတစ်ဦးက၊ ယခင်ကမူဆလင်ဘာသာဝင်များကို ကြံ့ဖွံ့အဖွဲ့ဝင်ဖြစ်ရန်မဖြစ်နိုင်ကြောင်း၊ ယခုအခြေအနေများပြောင်းလဲလာပြီဖြစ်၍၊ ကျောင်းသားလူငယ်များအသင်းဝင်ရောက်ရေးမှာပိုမိုလွယ်နေပြီဖြစ်ကြောင်းပြောကြားပါသည်။ အသင်း၏ (စိတ် ဓါတ်၊ စည်းကမ်း၊ ကြံ့ခိုင်၊ စည်းလုံး ) ဟူသောဆောင်ပုဒ်ဖြင့် ဖွဲ့စည်းထားသောကြံ့ဖွံ့အသင်းကြီးတွင် ယခုအခါအဖွဲ့ဝင်ဦးရေသန်း (၃၀) ခန့်ရှိနေပြီဖြစ်ကြောင်းသိရသည်။

## အဖွဲ့ချုပ်၏ရွေးကောက်ပွဲအပေါ်သဘောထားသံတမန်များမေးမြန်း

အမေရိကန်၊ ဗြိတိန်၊ ဂျာမဏီ၊ ပြင်သစ်နှင့် နော်ဝေးနှင့် အီတလီနိုင်ငံများမှသံတမန်များသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဌာနချုပ်ရုံးသို့ ဖေဖော်ဝါရီလ ၂၆ ရက်နေ့ကသွားရောက်ကာ အန်အယ်လ်ဒီပါတီလူကြီးများနှင့်တွေ့ဆုံခဲ့ပါသည်။ သံတမန်များက ၂၀၁၀ တွင်ပြုလုပ်မည့် ရွေးကောက်ပွဲအပေါ်အန်အယ်လ်ဒီ၏သဘောထား၊ ရှေ့ဆက်သွားမည့်နိုင်ငံရေးလမ်းစဉ်နှင့်ဦးတည်ချက်များကိုသိရှိရန် လာရောက်တီးခေါက်ခြင်းဖြစ်ကြောင်း ပါတီပြောခွင့်ရပုဂ္ဂိုလ်ဦးမောင်ဆွေကပြောကြားပါသည်။ တွေ့ဆုံပွဲသို့ အဖွဲ့ချုပ်လူကြီးများဖြစ်ကြသည့် ဦးတင်ဦး၊ ဦးဝင်းတင်၊ ဦးခင်မောင်ဆွေနှင့် ဦးညွန့်ဝေတို့တက်ရောက်ခဲ့ကြောင်းသိရသည်။

## အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ဗဟိုဦးစီးအဖွဲ့ဝင်များစာရင်းကြေညာ

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီဥက္ကဋ္ဌ၊ ဦးအောင်ရွှေဥက္ကဋ္ဌအဖြစ်ပါဝင်ပြီး၊ အဖွဲ့ဝင် (၁၀၈) ဦးတို့ဖြင့် ဖွဲ့စည်းထားသည့် ဗဟိုဦးစီးအဖွဲ့ (စီစီ) ကိုရွေးချယ်လိုက်ကြောင်း၊ အန်အယ်လ်ဒီအဖွဲ့ချုပ်က ဖေဖော်ဝါရီလ ၂၅ ရက်နေ့ကသတင်းထုတ်ပြန်ကြေညာခဲ့ပါသည်။ ပြန်လည်ဖွဲ့စည်းလိုက်သည့်အဖွဲ့တွင် ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီ (စီအီးစီ) ၂၀ ဦးနှင့်ပြည်နယ်၊တိုင်းများကအဆိုပြုတင်ပြထားသည့် ကိုယ်စားလှယ်များဖြင့်အဓိကဖွဲ့စည်းထားပါသည်။ ကျန်ရှိသည့် ဗဟိုဦးစီးအဖွဲ့တွင် အရန်များထည့်သွင်းထားသူ (၈) ဦးမှာ အကျဉ်းကျနေသော အန်အယ်လ်ဒီအဖွဲ့ဝင် ဦးစောမြင့် (ကရင် ပြည်နယ်)၊ ဦးတိုးပို (တနင်္သာရီတိုင်း)၊ ဦးကျော်လှိုင် (ပဲခူးတိုင်း)၊ ဦးလှိုင်အေး (မကွေးတိုင်း)၊ ဦးပိုက်ကို (မကွေးတိုင်း)၊ ဦးတင်ထွဋ်ဦး (မန္တလေးတိုင်း)၊ ဦးလှသိန်း (ရန်ကုန်တိုင်း) နှင့်ဒေါက်တာတင်မင်းထွဋ် (ဧရာဝတီတိုင်း) တို့ဖြစ်ကြောင်းသိရှိရသည်။ ဒေါ်အောင်ဆန်းစုကြည်ကလည်း ပြန်လည်ဖွဲ့စည်းသည့် ပါတီ၏အဆင့်မြင့်အဖွဲ့အစည်းများတွင် အကျဉ်းကျနေသူအဖွဲ့ဝင်များကို တာဝန်ပေးအပ်သွားရန်လိုအပ်ကြောင်းမကြာမီကပြောကြားခဲ့ပြီးနောက်၊ ယခုဗဟိုဦးစီးအဖွဲ့တွင် အကျဉ်းကျနေသူများပါဝင်နေခြင်းဖြစ်ပါသည်။

## ရွေးကောက်ပွဲဝင်ရောက်ရန်ဝါရင့်နိုင်ငံရေးသမားနှစ်ဦးတိုက်တွန်းခြင်း

ထိုင်းနိုင်ငံ၊ ချင်းမိုင်းမြို့တွင်ပြုလုပ်သည့် စာနယ်ဇင်းညီလာခံသို့တက်ရောက်ခဲ့သည့် ရန်ကုန်အခြေစိုက်နိုင်ငံရေးသမားနှစ်ဦးက ၂၀၁၀ ရွေးကောက်ပွဲတွင် မြန်မာနိုင်ငံရှိနိုင်ငံရေးအင်အားစုများနှင့်ပါတီများပါဝင်ယှဉ်ပြိုင်ရန်တိုက်တွန်းပြောကြားခဲ့ကြောင်းသိရှိရသည်။ မြန်မာသတင်းသမဂ္ဂ၏ သတ္တမအကြိမ်မြောက်ညီလာခံတွင်၊ ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဦးသုဝေက၊ ရွေးကောက်ပွဲတွင်ပါဝင်ခြင်းဖြင့် နှစ်ပေါင်းများစွာကပင်ရင်ဆိုင်နေရသည့် နိုင်ငံရေးပြဿနာများကိုင်တွယ်ဖြေရှင်းရန် အထောက်အကူရရှိနိုင်သဖြင့်၊ ဒီမိုကရေစီအင်အားစုများပါဝင်သင့်ကြောင်းပြောကြားခဲ့ပါသည်။ ရွေးကောက်ပွဲတွင်ဝင်ရောက်ခြင်းမရှိဘဲ၊ ဘေးထိုင်းသွားမည်ဆိုပါကအခြေအနေပိုမိုဆိုးဝါးသွားနိုင်ကြောင်း၊ စစ်အစိုးရအာဏာဆက်လက်ထိန်းသိမ်းသွားခြင်းကို အားပေးရာရောက်မည်ဖြစ်ကြောင်း၊ အရပ်သားအစိုးရပေါ်ပေါက်ပြီးနောက်ပိုင်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကိစ္စများကိုဆွေးနွေးရန် အခြေအနေများရှိလာနိုင်ကြောင်း၊ ဒေါက်တာခင်ဇော်ဝင်းကဖြည့်စွက်ပြောကြားခဲ့ပါသည်။ သို့ဖြစ်၍၊ မြန်မာနိုင်ငံတွင်မိုကရေစီစနစ် ပေါ်ပေါက်ရေးကိုဖော်ဆောင်ပေးမည့် ရွေးကောက်ပွဲလုပ်ငန်းများတွင် ပြည်သူလူထုကတက်ကြွစွာပါဝင်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ၎င်းကဆက်လက်ပြောကြားပါသည်။ သုံးရက်ကြာကျင်းပသည့် သတင်းသမဂ္ဂညီလာခံသို့ ပြည်တွင်းပြည်ပမှ နိုင်ငံရေးလှုပ်ရှားသူများ၊ သတင်းထောက်များနှင့် အစိုးရအဖွဲ့အစည်းမဟုတ်သောအဖွဲ့များ (အန်ဂျီအို) မှကိုယ်စားလှယ် (၁၀၀) ခန့်တက်ရောက်ခဲ့ကြောင်းသိရသည်။

## ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များစာရင်းထုတ်ပြန်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ၂၀၁၀ ပြည့်နှစ်အတွင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဖွဲ့စည်းကြောင်းသတင်းများကို မတ်လ ၁၁ ရက်နေ့ကနိုင်ငံပိုင်ရုပ်မြင်သံကြားအစီစအစဉ်က ထုတ်ပြန်ကြေညာခဲ့ကြောင်းသိရှိရသည်။ အစိုးရ၏ကြေညာချက်အမှတ် (၁/၂၀၁၀) ကိုနိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးက လက်မှတ်ရေးထိုးထားပြီး၊ အဖွဲ့ဝင် (၁၇) ဦးပါကော်မရှင်အဖွဲ့တွင် ဥက္ကဌအဖြစ်အငြိမ်းစားစစ်ဥပဒေချုပ် ဦးသိန်းစိုးအားခန့်အပ်ပြီး၊ ကျန်အဖွဲ့ဝင်များမှာ အငြိမ်းစားတရားသူကြီးများ၊ ရှေ့နေများ၊ ပါမောက္ခများနှင့်တိုင်းရင်းသားများဖြင့်ဖွဲ့စည်းထားကြောင်းတွေ့ရသည်။ ကော်မရှင်အဖွဲ့ဝင်များတွင် ယခင်တရားရုံးချုပ်တရာသူကြီး ဦးတင်အောင်အေးနှင့် အငြိမ်းစားသံအမတ်ကြီးနှင့် မြန်မာနိုင်ငံမဟာဗျူဟာနှင့်နိုင်ငံတကာလေ့လာရေးဌာန၊ အတွင်းရေးအမှူးဟောင်းဦးညွန့်တင်နှင့် အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဌ၊ အငြိမ်းစားပါမောက္ခဒေါက်တာဒေါ်မြင့်ကြည်တို့သည်ထင်ရှားသောအဖွဲ့ဝင်များဖြစ်ကြသည်။ ကော်မရှင်တွင်ပါဝင်သူများမှာ ကော်မရှင်ဥပဒေကသတ်မှတ်ထားသော အငြိမ်းစားဝန်ထမ်းဖြစ်ခြင်း ၊ အသက် (၅၀) နှစ်ပြည့်သူ၊ ထင်ပေါ်ကျော်ကြားသည့်ဂုဏ်သတင်းရှိသောပုဂ္ဂိုလ်ဖြစ်ခြင်းအစရှိသည့် အရည်အချင်းများနှင့်ကိုက်ညီသူများကို စိစစ်ရွေးချယ်ထားကြောင်းသိရှိရသည်။

## သုံးသပ်ချက်

စစ်အာဏာပိုင်များသည် ဆိုင်းမဆင့်ဗုံမဆင့် မထင်မှတ်သည့်အချိန်တွင် မြန်မာ့နိုင်ငံရေးမြင်ကွင်းသို့ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ (၅) ရပ်ကိုမကြာမီမတ်လဆန်းပိုင်းကထုတ်ပြန်ကြေညာခဲ့ပါသည်။ ထုတ်ပြန်ခဲ့သည့်ဥပဒေများတွင် ပြည်ထောင်စုရွေးကောက်ပွဲဥပဒေ၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ၊ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ တိုင်းဒေသကြီးလွှတ်တော် (သို့မဟုတ်) ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေတို့ဖြစ်ပါသည်။ ယခုထုတ်ပြန်ခဲ့သည့်ရွေးကောက်ပွဲဥပဒေများထုတ်ပြန်သည့်နောက်ပိုင်း အဆိုပါဥပဒေများအား ချို့ယွင်းအားနည်းချက်များကို ပြည်တွင်း၊ ပြည်ပမှ ပြစ်တင်ဝေဖန်လျက်ရှိကြောင်းသိရှိရသည်။ ရွေးကောက်ပွဲကော်မရှင်ဥပဒေအရ၊ မတ်လ (၁၁) ရက်နေ့တွင် အငြိမ်းစားစစ်ဗိုလ်ချုပ်တစ်ဦးအားဥက္ကဌအဖြစ်ခန့်အပ်ပြီး၊ အဖွဲ့ဝင် (၁၇) ဦးပါ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကိုဖွဲ့စည်းခဲ့ခြင်းကြည့်ခြင်းအားဖြင့် ရေးပါသည့်နိုင်ငံရေးဆိုင်ရာ တာဝန်ပေးအပ်မှုများစစ်ဘက်ကျောထောက်နောက်ခံရှိသူများကို သာရွေးချယ်သည့်မူဝါဒကို အစိုက်သက်မတ်မတ်ကျင့်သုံးနေသည်ကိုအထင်အရှားတွေ့မြင်ရပါသည်။ အဖွဲ့ဝင် (၁၇) ဦးပါကော်မရှင်သည်လည်း ပါတီများမှတ်ပုံတင်ခြင်းလုပ်ငန်းများ၊ ရွေးကောက်ပွဲဆိုင်ရာဥပဒေများနှင့်အညီလုပ်ငန်းများ အကောင်အထည်ဖော်ရန် တာဝန်ပေးအပ်ထားသည်ဟုဆိုသော်ငြားလည်း၊ စင်စစ်အားဖြင့် နောက်ဆုံးအဖြတ်ပေးမည့်သူများမှာ စစ်အာဏာပိုင်များသာလျှင်ဖြစ်ပါသည်။ ပြဌာန်းခဲ့သည့်နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေနှင့်ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပါပြဌာန်းချက်များသည် အတိုက်ခံနိုင်ငံရေးပါတီခေါင်းဆောင်တစ်ဦးဖြစ်သူ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် အကျဉ်းကျခံနေသူများ ရွေးကောက်ပွဲတွင်ဝင်ရောက်ယှဉ်ပြိုင်ခြင်းတို့ကိုပိတ်ပင်တားထားသည့်သဘောပင်ဖြစ်သည်ကိုတွေ့ရှိရသည်။ ယင်းအခြေအနေအရ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကရွေးကောက်ပွဲဝင်ရောက်ရေးနှင့်ပါတီမှတ်ပုံတင်ရေးကိစ္စများတွင် အခက်အခဲများနှင့်ရင်ဆိုင်ရဖွယ်ရာရှိပါသည်။ နောက်ဆုံးတွင်အန်အယ်လ်ဒီပါတီအနေဖြင့် ၄င်းတို့၏ခေါင်းဆောင်ကိုပင်လျှင်ပါတီဝင် အဖြစ်မှ နှုတ်

ထွက်ပေးရသည့် အခြေသို့ပင်ရောက်ရှိသွားနိုင်ဖွယ်ရာရှိပါသည်။ တစ်ချိန်တည်းမှာပင်ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ (၉၁) (က) တွင် “ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေသည် (နိုင်ငံတော် ငြိမ်ဝပ်ပြားမှုတည်ဆောက်ရေးအဖွဲ့ဥပဒေ အမှတ်၊ ၁၄/၈၉) ကို ဤဥပဒေဖြင့်ရုပ်သိမ်းလိုက်ကြောင်း၊ ” သို့ ဖြစ်၍၊ ကျင်းပခဲ့သောပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်လိုက် ရောညီထွေမရှိတော့သည့်အတွက် ယင်းရွေးကောက်ပွဲရလာဒ်များ အလိုအလျောက်ပျက်ပြယ်သည်ဟုမှတ် ယူရမည် ” ဖြစ်ကြောင်းဖော်ပြထားပါသည်။ ထို့ကြောင့် ၁၉၉၀ ပြည့်နှစ်ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များ အားလုံးကိုအပြီးသတ်သင်ပုန်းခြေလိုက်သည့် သဘောပင်ဖြစ်ပါသည်။ ပြည်သူ့လွှတ်တော်နှင့်အမျိုးသား လွှတ်တော်များတွင် တပ်မတော်သားကိုယ်စားလှယ် (၂၅) ရာခိုင်နှုန်းကိုကာကွယ်ရေးဦးစီးချုပ်က တိုက် ရိုက်အမည်စာရင်းတင်သွင်း ခွင့်ပြုထားခြင်းသည် အနာဂတ်မြန်မာ့နိုင်ငံရေးနယ်ပယ်တွင် စစ်အုပ်ချုပ်ရေး အသွင်သဏ္ဌာန်ကိုပုံစံပြောင်းလိုက်ခြင်းသာဖြစ်သည်။ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော် ဥပဒေတွင် သက်ဆိုင်ရာပြည်နယ်များနှင့်အုပ်ချုပ်ခွင့်အထူးဒေသရှိ တိုင်းရင်းသားများ၏ အခွင့်အရေးများ နှင့်လွှတ်တော်ဖွဲ့စည်းကျင်းပရေးကိစ္စများကိုပြဌာန်းထားသည်ကိုတွေ့ရှိရသည်။ ယခုအခါတွင် မြန်မာ့နိုင်ငံ ရေးမျက်နှာစာသည် အခန်းအသစ်တစ်ခုသို့ ကူးပြောင်းရန်ပြင်ဆင်ဆောင်ရွက်နေပြီဖြစ်ပါသည်။ စစ်အစိုး ရကချမှတ်ထားသည့် နိုင်ငံရေးလမ်းပြမြေပုံအားအကောင်အထည်ဖော်လျက်ရှိရာ၊ ပဥ္စမခြေလှမ်းဖြစ်သော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပခြင်းကို ဦးတည်ဆောင်ရွက်လျက်ရှိပါသည်။ ယင်းအခြေ အနေတွင် ပြည်တွင်းရှိအတိုက်ခံနိုင်ငံရေးခေါင်းဆောင်များနှင့်ပါတီများက ရွေးကောက်ပွဲဝင်ရောက်ရေးသို့ တည်းမဟုတ် ၄င်းတို့ရှေ့ဆက်သွားမည့် နိုင်ငံရေးလမ်းစဉ်နှင့်ဦးတည်ချက်များကို တိကျစွာချမှတ်ရန်လိုအပ် နေပြီဖြစ်ပါသည်။ မကြာမီကဝါရင့်အတိုက်ခံနိုင်ငံရေးသမား ဦးသုဝေက၊ “ အမှောင်လွှမ်းနေပြီး၊ ဘေးထိုင် နေမယ်ဆိုယင်ပြည်သူလူထုကပိုပြီးတော့နာမယ်” ပြောဆိုခဲ့ကြောင်း။ စဉ်းစားတွေးတောစရာအမှန်ပင် ဖြစ်ပါသည်။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေအရ၊ ပါတီများသတ်မှတ်ထားသည့် ရက်ပေါင်း (၆၀) အတွင်းမှတ်ပုံတင်ရန်လိုအပ်ပြီး၊ ယင်းရက်ကျော်လွန်သွားပါက ပါတီအဖြစ်ရပ်တည်ခွင့်ရှိတော့မည် မဟုတ်ပေ။ သို့ဖြစ်၍၊ အန်အယ်လ်ဒီနှင့်အခြားအတိုက်အခံပါတီများကို ရွေးကောက်ပွဲဝင်ရောက်ရေးထက်၊ ပြည်သူများအကျိုးကို မည်မျှအလေးထားဆောင်ရွက်ပေးသည်ကို စောင့်ကြည့်အကဲခတ်ရမည်သာဖြစ် သည်။ ပြည်တွင်းခြေဆန့်လက်ဆန့်ခရီးစဉ်များသည် အဖွဲ့ချုပ်၏စည်းရုံးရေးလုပ်ငန်းများကို အထောက် အကူပြုခြင်းကြောင့် ဆက်လက်ဆောင်ရွက်သင့်သည့်လုပ်ငန်းအဖြစ်ပါသည်။ ရွေးကောက်ပွဲဥပဒေများ ထုတ်ပြန်ထားပြီးဖြစ်၍၊ အတိုက်ခံပါတီများနှင့် တိုင်းရင်းသားလက်နက်ငြိမ်းချမ်းရေးအဖွဲ့များ ၄င်းတို့၏ ရပ်တည်ချက်များ ပြန်လည်သုံးသပ်ခြင်းဖြင့်အကျိုးရှိနိုင်ကြောင်း၊ ယင်းသို့လုပ်ဆောင်ခြင်းမရှိခဲ့၊ တွေဝေနေ မည်ဆိုပါလျှင် အာဏာပိုင်များ၏ထောင်ချောက်အဖြစ် အကွက်ဆင်ထားသော မတရားသင်းများ အဖြစ် ကြေညာခြင်းခံရဖွယ်ရာရှိပါသည်။ တစ်ဘက်တွင်အစိုးရ ထောက်ခံမှုရရှိထားသော ကြံ့ဖွံ့နှင့်အခြားနိုင်ငံရေး ပါတီများကရွေးကောက်ပွဲ ဝင်ရောက်ရေးကို အရှိန်အဟုန်မပျက်ဆောင်ရွက်နေသည်ကိုတွေ့ရှိရသည်။ ရွေးကောက်ပွဲကျင်းပမည့် နေ့ရက်သတ်မှတ်ခြင်းသည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနှင့်တိုင်းရင်းသား လက်နက်ကိုင်ငြိမ်းချမ်းရေးအဖွဲ့များနယ်ခြားစောင့်တပ်အဖြစ် အသွင်ပြောင်းလဲခြင်းတို့အပေါ်တွင် အဓိကမူ တည်နေကြောင်းထင်မြင်ယူဆရပါသည်။